သန်းထိုက်လူ



# ဆက်ဆက်ဖောက်ပြန် နိုင်ကြပါစေ



မြစ်စောင့်နတ်သို့ တောင်းပန်ချက်

# မြစ်စောင့်နတ်သို့ တောင်းပန်လွှာ

"ဗျို့ ... စာရေးနောကြီး ပျော်ပျော်နေသူ သန်းထိုက်လူ၊ ဘာတွေများ အင်တိုက်အား တိုက် ရေးတော်မူနေသလဲဗျ"

"ဩော် ... လူမွဲအကျော်အဆွေတော် မောင်မြန်မာ အိမ်ယာမဲ့ထွန်းရီ ပါလား ဟော့၊ လာကွာ ... မင်းလည်း မတွေ့တာကြာပြီနော်၊ ငါ့အထင် တော့ ဓမ္မစေတီခေါင်းလောင်းကြီး ဆယ်တဲ့ ဆီကို လှေကယ်ရီသမား တွေ အလုပ်ဖြစ်လို့ (အဲ ... ဟုတ်ပါဘူး) ရေငုပ်သမားတွေ ဂမ်းမြောက်ဖို့ အားသွားပေးနေရတယ်နဲ့ တူတယ်" လို့ ထွန်းရီကို စကားနှိုက်မှ နဂါး သိုက်က အသွင်ထူးက ဝင်ပူးတာကို သိလိုက်ရတယ်ဗျာ။

" သန်းထိုက်လူရေ ခေါင်းလောင်းကြီးကို ကုန်းပေါ်ရောက်မှ လျှော က်မကြီး ကြဲးအော် မြှောက်ချလိုက်မယ်ကွ"ဆိုပြီး ထွန်းရီက အလွယ်သ ဘောများ နဲ့ တကယ်အပြောမှားခဲ့လို့ ဒီ ကောင့်ကို ပြန်ပြီး လမ်းကြောင်း တည့်ပေးလိုက်ရတယ်။

"ဟေ့ကောင် ထွန်းရီ၊ ခေါင်းလောင်းတော်ကြီးက သင်္ဘောဆယ်ယူ တဲ့ ဧရာမဝန်ချီစက် တွေတောင် ဖင်ထောင်ပြီး အသည်းအသန် ဆွဲယူရ မှာ ကွ၊ မင်းလို ပေါင်မပြည့်ဘဲ မွေးပြီး အာ ဟာရချို့တဲ့ တဲ့ ကောင်က ဘယ်လိုလုပ်ပြီး ကောက်ခါငင်ကာ မြှောက်မနိုင်မှာ လဲ"ဆိုတော့ ထွန်းရီ က ....

"ဟား .. ဟား .. ဟား ငါသိတယ်။ စာရေးနော မင်းကို စမ်းလိုက်တာ ၊ ရော့ ...... ဒီမှာ သတင်းဂျာနယ်၊ ဖတ်ဖြစ်အောင် ဖတ်ပေတော့"ဆိုတဲ့ အသံနဲ့ အတူ သူ့ခါးမှာ ဖွက်ယူလာတဲ့ စာစောင်ကို ကျွန်ုပ်လက်ထဲ လာပြီး ပေးတယ်ဗျ။

"ထွန်းရီရေ မင်းက အိမ်မဲ့ယာမဲ့။ အလုပ်အကိုင်မဲ့ဆိုတော့ ရပ်ကွက်စုံအောင် ရောက် ဖူးမှာ ပေါ့။ ဒီဂျာနယ်ကို ညကျမှ အေးအေးလူလူ ဖတ်တော်မူမယ်။ လောလောဆယ် မင်း ကြား ထားတဲ့ သတင်းလေး ဘာလေး ရှင်းပြစမ်းပါဦး"

"ဒီလိုကွ ခေါင်းလောင်းကြီးက တွေ့ထားပြီးပြီ။ ဒါပေမယ့် နဂါးတွေက စောင့်ရှောက် နေ ဆီမီးပူဇော်နေတော့ ဆယ်ယူရေးအဖွဲ့က အားနာပြီး အခြေအနေ အချိန်အခါကို စောင့်နေ တာကွ၊ ပြီးတော့ အဲဒီနဂါးတွေက မြန်မာပြည်တွင်း မီဒီယာကို သတင်းထုတ်ပြန်ခွင့်မပြုဘူးလို့ ဝင်ပူးပြီးပြောတယ်တဲ့ "

"ဒါဆိုရင် အွန်လိုင်းတင်လို့ ရမလား ထွန်းရီရေ"ဆိုတော့ သူက ပြုံးဖြီးဖြီးနဲ့ ကွမ်းလေး တမြုံ့မြုံ့ လုပ်ပြီးတော့ ....

"နေဦးကွ၊ နောက်တစ်ခါ လူကြုံနဲ့ မေးပေးမယ်။ ငါတော့ သွားမကြည့်ရဲဘူး။ တနင်္ဂနွေ သားသမီးတွေ မကပ်ရဘူးတဲ့ "

"ဟော့ကောင် ထွန်းရီ၊ မင်းက စနေသားလေကွာ၊ တနင်္ဂနွေ သားသမီးမှ မဟုတ်တာ၊ ရဲရဲဝင့်ဝင့် သွားလေ့လာစမ်းပါကွာ"

"မသွားရဲပါဘူးကွာ၊ နဂါးတချို့က အတွင်းစိတ် မငြိမ်ဘူး။ တော်ကြာ ဟိုလို အမိန့် ထုတ်၊ တော်ကြာ ဒီလို အမိန့်ထုတ်ဆိုတော့ ခေါင်းစည်းတွေ၊ ရင်ထိုးတွေ၊ လက်ပတ်တွေကို ဝတ်ဆင်ပြီးမှ ခုနှစ်ရက်သားသမီးတွေ လာကြရမယ်ဆို ဒုက္ခ၊ လုပ်စားချင်တဲ့ ကောင်တွေက အကွက်ချောင်းကာ အမြတ်တောင်းမှာ "

"ဩော် ဒါများ ထွန်းရီရာ သတ်မှတ်ဝတ်စုံဆိုလည်း ဝတ်ပြီးသွားစမ်းပါ။ တံဆိပ်ရိုက် လုပ်ငန်းတွေကလည်း ဒီရက်ထဲ အလုပ်မဖြစ်လို့ စိတ်ညစ်နေကြတာလေ။ မင်းက မြန်မာအစစ် ဆိုရင် အလိမ်ခံဖူးရတယ်။ ဒါ

မှ ရိုးရာမပျက်မှာ ကွ”

“နေစမ်းပါဦး သန်းထိုက်လူရာ ၊ မင်းက ဘာကြောင့်ငါ့ကို အတင်း လွှတ်နေရတာ လဲ။ အကြောင်းတစ်ခုခုတော့ ရှိမယ်နဲ့ တူတယ်”

“ရှိတာပေါ့ကွ၊ နဂါးတွေ ရေထဲမှာ ဆီမီးထွန်းတဲ့ နည်းပညာလိုချင် တယ်။ ငါလည်း ကမ္ဘာကျော် မြန်မာမျက်လှည့်ဆရာဆိုပြီး ဂင်းနစ်မှတ် တမ်းဝင်ချင်ပြီ။ ဒီခေတ်က နာမည်ကြီး တဲ့ လူ၊ ရဲဝံ့စွန့်စား၊ လိမ်ရဲတဲ့ လူ မှ အိမ်တွေခြံတွေ ဝယ်နိုင်မှာ လေ”

“ဟင်း … ပေါ်ပြီကွ …. ပေါ်ပြီ”

“ဟော့ကောင် တိုးတိုးပြောစမ်းပါ၊ တော်ကြာ ငါ့အိမ်ရှင်ကြားသွားလို့ နှင်ချခံနေရဦး မယ် ဘာပေါ်တာလဲ လုပ်စမ်းပါဦး”

“ငါ့ကို အခြေအနေမဲ့ လူမွဲထွန်းရီဆိုတဲ့ တစ်သီးပုဂ္ဂလ ဘွဲ့ထူးချီးမြှင့် ခဲ့တဲ့ စာရေးငနာ သန်းထိုက်လူလဲ အိမ်ငှားသမား ဖြစ်နေတာကိုး”

“ကဲ ထွန်းရီရေ ၊ မြန်မြန်လေ့လာကွာ၊ တကယ်လို့ နဂါးသိုက်က မင်း ကို မီဒီယာသမား လားလို့ ဝင်ပူးပြီးမေးရင် မဟုတ်ပါဘူးလို့ ဖြေ။ နောက် ပြီးတော့ ခေါင်းလောင်းကြီးကို ငဇင်ကာ က လမ်းစရိတ်မရှိလို့ ရောင်းခဲ့ တာလား။ ဒါမှ မဟုတ် နဂါးတွေရဲ့ စားဝတ်နေရေး အကြပ် အ တည်းကြောင့် ပြန်ပေးဆွဲရတာ လား မေး။ တစ်ခုရှိတာက Recoder လေးဘာလေး ကြိတ်ပြီး တောင်းခဲ့။ အဲဒါမှ မြစ်ကြမ်းပြင်တွေမှာ နော က်ထပ် ဘယ်ဘုရင်တွေရဲ့ ခေါင်းလောင်းပျောက် တာတို့ ဘာတို့ သတင်းထူးလေးရမှာ လေ”လို့ ကျွန်ုပ်က အဆက်မပြတ် မပျက်မကွက် မှာ နေ ပေမယ့် ထွန်းရီက ဘာပြောတယ်မှတ်လဲ။

“သန်းထိုက်လူရေ တော်ပြီကွာ၊ ခေါင်းလောင်းဆယ်တဲ့ နေရာကို

တော့ မလွှတ်စမ်းပါနဲ့ ။ နဂါးတွေက သာမန် မဟုတ်ဘူး ။ ငါတို့ နိုင်ငံသားတွေ သီလမလုံလို့ ခေါင်းလောင်းကို အသွင် ပြောင်းပြီး ကျောက်ဆောင်ဖြစ်အောင် လုပ်လိုက်တယ်ဆိုရင် ဘယ်လိုလုပ်မလဲ”

“ဟာ … ဟုတ်ပ့ါကွာ၊ တော်ပြီ ဒီတစ်သက် အပျိုကြီးနဲ့ ဝေးပါပြီ”

“ဟော့ .. ရှင်းပြစမ်းပါဦး”

“အပျိုကြီးက မင်္ဂလာဆောင်ဖို့ ရက်မြတ်ရက်ကောင်း ရွေးခိုင်းထားတယ်လေ”

“မင်းက ဘယ်ရက်ကို ရွေးထားလို့ လဲ”

“ဓမ္မစေတီခေါင်းလောင်းပေါ်မယ့်ရက်”

“ဟား … ဟား … ဟား”

ထွန်းရီ ရယ်ရင်းနဲ့ လစ်သွားပါလေရောဗျာ။

စာရှုသူတို့ ရေ ကျွန်ုပ်တို့ တော့ ချစ်သူအပျိုကြီးနဲ့ မညားဖြစ်တာတွေ၊ ခွဲရမှာ တွေကို သိပ်ပြီး ရင်မခုန်ပါဘူး။ ဒါပေမယ့် ပုထုဇဉ်လူသားတွေရဲ့ ခေါင်းလောင်းတော်ကြီးရှာဖွေရေး စီမံကိန်းကြောင့် ရန်ကုန်မြစ်စောင့်နတ်မင်းကြီး စိတ်ဆင်းရဲသွားရင် ဒုက္ခ…။

***




ရန်ကုန် ငရဲကန်ထဲ လက်ပစ်ကူးနေသူများ

ဒီနှစ် ၂၀၁၄ ဇူလိုင်၊ ဩဂုတ်တစ်လျှောက်လုံး ရွာလိုက်တဲ့ မိုး၊ အဲဒီ မိုးအားကောင်း သလိုများ ကျွန်ုပ်တို့ ဝင်ငွေရခဲ့မယ်ဆိုရင် မြန်မာအစိုးရ အဖွဲ့ရဲ့ နိုင်ငံတကာကို ပေးဆပ်ရမယ့် အကြွေးတွေ တစ်ပြားမကျန် မကြွားမသန် အမှန်အကန် ကူညီပေးဆပ်ချင်ရဲ့ ။ မြန်မာပြည်သူ တွေနဲ့ တိုင်းရင်းသားတွေရဲ့ ဘဝအသီးသီးကိုပါ မြေပိုင်ယာပိုင် နေထိုင်နိုင်ဖို့ ပေးကမ်းလိုက် ချင်ပါတယ်။

ကောင်းလိုက်တဲ့ မိုး၊ သောင်းထိုက်နဲ့ တိုးတော့လည်း သူ့တစ်ကိုယ် လုံးစိုရွှဲ၊ ကိုမဲနဲ့ ဆုံ တော့လည်း ထီးမပါလို့ နီးရာသို့ ပြေးလွှားပြီး မိုးလျှောက်ခို၊ ဖိုးကောက်ဆို လုံချည်လေးခြုံလို့ ပြေး၊ အဲဒီ လို ကျွန်ုပ် ရေးချင်အောင် ဒီမိုးက ရန်ထောင်နေပေစွတကား။

မိုးနတ်မင်းဆိုတာ ရေခိုးရေငွေ့ သိုလှောင်ဖြန့်ဖြူးရေး ကော်မတီဥ က္ကဋ္ဌဆိုတော့ သူနဲ့ သင့်မြတ်တဲ့ နေရာတွေကိုပဲ ရွာမှာ ဗျ။ မဟာရန်ကုန် တို့ ၊ ပဲခူးတို့ ဆိုရင် ဘယ်လောက်အထိသွား ပြီး လဘ်ထိုးထားသလဲ တော့ မပြောတတ်။ ကျွန်ုပ်အဖေ ဦးဖိုးဆိတ်တောင်မှ ရန်ကုန်မှာ စာ ရေးငနာဖြစ်နေတဲ့ သန်းထိုက်လူဆီ လာချင်တာ။ တောင်ဥက္ကလာပါရမီ လမ်းကို ဖြတ်ကူး ရင်း ရေနစ်သေမှာ ကြောက်လို့ မလာရဲဘူးတဲ့ ဗျာ။

သဘာဝတရားကြီးက လူတွေကို အတုယူအားကျပြီး ဖောက်ပြန်တာ လား။ အကောက် ကြံတာလားမသိ။ မိုးကောင်းတဲ့ မြို့တွေကျတော့လ ည်း မြေညီထပ်တိုက်ခန်းက လူတွေအ တွက် ရေနစ်သေမှာ တောင် ကြောက်နေရတယ်။ အဲဒီ ဒုက္ခ မိုးရေတွေကြားမှာ အဆိုးဆုံး၊ သောက မီးတွေနဲ့ နေ့စဉ်ပေါင်းသင်းနေရတာ တော့ မဟာရန်ကုန် နယ်နိမိတ်အ တွင်း မှီတင်း နေထိုင်တော်မူကြတဲ့ ခုနှစ်ရက်သားသမီးတွေပဲ ဖြစ်ပါတ ယ်ဗျာ။

လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော်က "အာရှမင်းသမီးတစ်ပါး"လို့ ကမ္ဘာ့နိုင်ငံအသီးသီး က တင်စားတော်မူခဲ့တဲ့ မဟာရန်ကုန်ဟာ လက်ရှိ ကာလမှာ တော့ အာဖရိက အဘွားအိုထက် တောင်မှ အဆပေါင်းခုနှစ် သန်း ခြောက်သိန်းငါးသောင်း လေးထောင့်သုံးရာနှစ်ဆယ့်တစ် လောက် ရုပ်ပျက်ဆင်းပျက် အရွယ်ကျတော်မူလာခဲ့ပြီ။ အဲ .. တစ်ခုတော့ ရှိတယ်။ ရန်ကုန် ဟာ ဖ၊ ဆ၊ ပ၊လ အစိုးရသက်တမ်းတစ်လျှောက် ကနေဒီကနေ့ အထိ တိုင်းဖျက်ပြည်ဖျက် အမှုထမ်း ၊ အရာထမ်းတွေအတွက် တစ်စက္ကန့်တောင် နားခွင့်မရအောင် ပေးဆပ်ခဲ့တဲ့ သူရဲ ကောင်းကြီးဗျ။ ဟုတ်တယ်လေ၊ ဆိပ်ကမ်းမြို့တော်ဖြစ်နေတာကြောင့် ဆိပ်ကမ်းအာဏာပိုင် ဆိုတဲ့ အဖွဲ့အစည်းကြီးကို တရားဝင် ဖွဲ့စည်းရပြန်ရော၊ အဲဒီ တော့ သွင်းကုန် ထုတ်ကုန်ကြီး ကြပ်ရေးတို့ စာရင်းစစ်ရေးတို့ ခွင့်ပြုချက်ပါမစ် ထုတ်ပေးရေးတို့ တစ်ဆင့်ပြီးတစ်ဆင့် ဖွဲ့ကြရ ပြန်ရော။

ဆိပ်ကမ်းတို့ ဘာတို့ ဆိုတာ တော်တန်ရုံလူ ဝင်ခွင့်မရှိဘူး။ နိုင်ငံခြားသင်္ဘောတွေ ဆိုက်ကပ်ပြီး ကုန်စည်အဝင်အထွက် မရပ်မနားကို လုပ်ဆောင်နေရတော့ ဟိုတုန်းက မီဒီယာ အမှောင်ချထားတဲ့ အခါ စည်ဘီယာ အချောင်ရသွားတဲ့ လူတွေလည်း ရှိတာပဲ။ ဒီကနေ့ IT ခေတ်ဆိုတော့ ပိုဆိုး ၊ ဇိမ်ခံလူသုံးကုန်ပစ္စည်းတွေကလည်း အမျိုးမျိုး ။ နောက်ဆိုရင် ရန်ကုန် မှာ လမ်းသွားရင်း အလိုအလျောက် မစင်စွန့်လို့ ရမယ့် ဆော့ဖ်ဝဲလ်တွေတောင် ပေါ်တော့မယ်နဲ့ တူတယ်နော်။ ဘက်စုံထောင့်စုံက ထိန်းချုပ်မှု စနစ်တွေ ယိုယွင်းပြိုဆင်းနေပြီလား။ ဒီလောက် နည်းပညာ တိုးတက်လာတာတောင်မှ ဆူးလေ ဘုရာထဲး အိမ်သာတက်ဖို့ တန်းစီနေရသေး။

တိုးတက်လာတဲ့ နည်းပညာကို လွဲမှားစွာ အသုံးမပြုရဘူးလို့ ဘယ်ဆိပ်ကမ်းအာဏာ ပိုင်တွေကမှ လွှတ်တော်မှာ အဆိုတင်သွင်းတာ မရှိခဲ့

ဘူး။ ဒါကြောင့် ရန်ကုန်ကို အမှီသဟဲပြု ပြီး ကြီးပွားချမ်းသာသွားတဲ့ အရာရှိတွေရော၊ အခွန်ရှောင်ရင်း အလုပ်ဖြစ်သွားတဲ့ စီးပွားရေး သမားတွေရော၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဆိုတဲ့ ဌာနဆိုင်ရာ ပုဂ္ဂိုလ် တွေရော ၊ အောက်ဆီဂျင်ငတ်နေတဲ့ မဟာရန်ကုန်မြို့တော်ကြီးကို အမြန်ကယ်တင်သင့်ပြီဗျ။ ဟုတ်တယ်လေ။ ရန်ကုန်မြို့တော်စည်ပင် သာယာရေး ဈေးများ ဌာနကနေပြီး ပလက်ဖောင်း ဈေးသည် တွေကို ငွေပေးရင် ကျေအေးချင်တဲ့ နည်းစနစ်နဲ့ ကစားခွင့်ပြုလိုက်တော့ ရန်ကုန် ဆိုတဲ့ မြို့တော်ကြီးမှာ နေထိုင်သူအားလုံး ဈေးဘန်းတွေကြောင့် ပြေးလမ်းတွေ ပျောက်ကုန် ပြီလေ။ ရန်ကုန်ဟာ တော်တော် ရုပ်ပျက် လာပြီ။

၈၈ နောက်ပိုင်း ၂၀၁၀ နှစ်ဆန်းပိုင်းအထိ ကားတင်သွင်းခွင့် ပါမစ်ရဖို့ လကြတ်တာ စောင့်ရသလို တော်တော် စိစစ်ခဲ့ရတယ်လို့ ကြားခဲ့ရပေမယ့် ၂၀၁၁ မှာ တော့ ဈေးကွက်စီးပွား ရေးစနစ်ဆိုပြီး အထိန်းအကွပ်မဲ့ တက်ညီလက်ညီနဲ့ လွှတ်ချလိုက်တော့ ဂျပန်ကား၊ တရုတ် ကား၊ ဆွီဒင်ကား၊ ဂျာမဏီကားဆိုပြီး ဝင်လာလိုက်တဲ့ ကားတွေ။

တော်သေးတယ်၊ နာဂတိုင်းရင်းသား စက်မှုဇုန်ထုတ်ကားတို့ ၊ ချင်းရိုးရာ စက်မှုဇုန် ထုတ် ထော်လာဂျီတို့ ၊ လီဆူးအင်ဂျင်တို့ ၊ ပလောင်စက်စွမ်းအားမြှင့် မော်တော်ကား လုပ်ငန်း တို့ ထပ်မံ မတိုးချဲ့လာသေးတာပဲ ကျေးဇူးတင်နေရတယ်။ ရန်ကုန်မြို့တော်ကြီးကို သနား လွန်းလို့ ပါ။ တချို့လည်း ရွာတွေမှာ ဒုက္ခရောက်လို့ ရန်ကုန်ကို အထင်ကြီးပြီး ရောက်လာကြ တယ်။ ဒဏ်ခံနိုင်တဲ့ လူတွေကျတော့ အ လုပ်သွား၊ အလုပ်ပြန် ကြပ်ပိတ်သိပ်နေတဲ့ ဘတ်စ် ကားထဲမှာ “ဒီခန္ဓာ မမြဲဘူး။ လိုင်းကားစီးရင်း လူပိလို့ သေ သွားတော့လည်း ကိုယ့်နိုင်ငံဂင်းနစ် မှတ်တမ်းဝင်သွားတာပေါ့” ဆိုတဲ့ အတွေးနဲ့ ရန်ကုန်မှာ ကြုံရကျပန်း ဝမ်းရေးရှင်း

နေရတယ်ဗျ။ တချို့ တောသားတွေကျတော့လည်း လိုင်းကားစီးရင် “သြော် .. ရန်ကုန်ဆိုတာ ငရဲပြည်ထက် တောင်မှ ကြောက်စရာကောင်း လာပါလား။ ငါကတော့ ကိုယ့်ရွာထက် သာတယ်။ အမြင်ကျယ် မယ်၊ ဗဟု သုတတိုးတယ်ဆိုပြီး တက်လာတာ၊ မဖြစ်ဘူး။ ငါ့ရွာ ငါပြန်မယ်။ အခုပဲကြည့် ၊ ငါ စီးလာတဲ့ ကားမှာ ရေးထားတာက ပုံသေ ၂၀၀ တဲ့ ၊ တစ်မှတ်တိုင်စီးလည်း ဒီနှုန်းပဲ။ တင်ထား တာက တိရစ္ဆာန်တွေလို ကြပ်လို့ ညှပ်လို့ ။ ပြီးတော့ အိမ်ငှားခတွေကလည်း မသာအခေါင်း နှစ်လောင်း တောင် မဆံ့တဲ့ မြောက်ဒဂုံ ချောင်ကြိုချောင်ကြားရပ်ကွက် အိပ်ခန်းလေးတွေက လည်း တစ်လကို ခြောက်သောင်းဖြစ်နေပြီး လက်ဖက်ရည် တစ်ငုံကို သုံးရာ။ ထမင်းတစ်ခါပြင် ထောင့်ငါးရာ၊ ပြီးတော့ ငါရောက်ခါစက မြောက်ဒဂုံနဲ့ ဆူးလေကို မိနစ်လေးဆယ်လောက်ပဲ စီးရတာ ၊ ဒီနေ့တော့ နှစ်နာရီခွဲလောက် လိုင်းကားထဲ ငရဲကျခံပြီးမှ ငါ့အလုပ်ကိုရောက်တာ။ လစာတစ်သိန်းခွဲနဲ့ ငါ့မှာ မမှိန်းရဲတော့ဘူး။ တစ်ခါတလေ လိုင်းကားစီးလို့ ယာဉ်ကြောကြပ် ရင်း ပေးဆပ်လိုက်ရတဲ့ အချိန်တေါဟာ မတရားထောင်ချခဲ့ထားရတဲ့ အကျဉ်းသားဘဝနဲ့ ထပ် တူကျနေပြီ။ အရေးထဲ မြန်မာလူမျိုး အုပ်ချုပ်ရေးမှူးတွေဆီမှာ မြန်မာလူမျိုး ငမွဲငတေတွေက ဧည့်စာရင်းတိုင်နေရတဲ့ ဒုက္ခကိုလည်း ရပ်ကွပ်ရုံးတွေမှာ ရင်နာစွာနဲ့ ငါတွေ့ခဲ့ပြီ” ဆိုပြီး အဲဒီ လိုတွေးလို့ ကျေးလက်ပြန်ပြေးတဲ့ ကလေးတွေလည်း ရှိနိုင်ပါတယ်ဗျ။

ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့ကလည်း မဟာရန်ကုန်မြို့ထဲ စာမူတွေ လိုက်ပို့တော့ ကျွန်ုပ်မှာ ထီး ပါလျက်နဲ့ မိုးရေထဲ အရူးကြီးတစ်ယောက်လို တစ်ကိုယ်လုံး စိုရွှဲကုန်တယ်ဗျာ။ ပလက်ဖောင်း ဈေးသည် တွေရဲ့ အတင်းဝင်၊ အတင်းထွက်၊ စကားကွက်ခပ်ကြောင်းကြောင်း အောက်မှာ လူ သွားစင်္ကြံအားလုံး အတုံးအရုံး ကျဆုံးခဲ့ပြီလေ။ မိုးထဲလေထဲ လွတ်လပ်စွာ

ထီးဆောင်းလမ်း လျှောက်ခွင့်မရအောင် ဆိုင်ခန်းတွေ အပြိုင်ရမ်းမွှေနေပြီ။ ဘာပဲပြောပြော ရန်ကုန် ငရဲကန်ထဲ မှာ ကျွန်ုပ်တို့ ဆက်လက် ကူးခတ်ရဦးမယ်။ သောက်ရေဘူးတွေတော့ ဆောင်ထားကြ။ သံပု ရာရည်တစ်ခွက်ကို ခြောက်ရာ ဖြစ်နေပြီ။

***




ရန်ကုန်ကို ပြန်ဝယ်ကြမယ်

ဒီခေါင်းစဉ်ပေးလိုက်လို့ "သန်းထိုက်လူရေ မင်းဟာလမ်းဘေးထမင်းဆိုင်တွေ့ရင် တောင် ချဉ်ပေါင်ကြော်နဲ့ ဘဲဥ ဒိ နှစ်မျိုးပဲ ရွေးချယ်စားသုံးခွင့်ရှိတဲ့ ဝင်ငွေနဲ့ ရန်ကုန်ကို ပြန်ဝယ် ချင်တ ယ်ဆိုတော့ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့အပေါ် မျက်နှာပြောင်တို က်ရာ ရောက် နေတာပေါ့"လို့ ကျွန်ုပ်အပေါ် မငဲ့မညှာ မထောက်မထား တဲ့ မသာတစ်ယောက်အလား မနိုပ် ကွပ်လိုက်ပါနဲ့ ။

ရန်ကုန်နဲ့ ပတ်သက်ပြီး အနည်းငယ် ရှင်းပြချင်ပါတယ်ဗျာ။ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့ မဟာ ရန်ကုန်မြို့ထဲ စာမူတွေ လိုက်ပို့တော့ စည်ပင်ကားစိမ်း ကြီးနှစ်စီးနဲ့ လမ်းဘေးဈေးသည် တွေ ကို လိုက်ဖမ်းနေလေရဲ့ ။ အဲ့ ... ဈေးသည် တွေကလည်း ကိုယ်စီကိုယ်င ၁၅၀၀ တန်ဆင်းကတ် လေး တွေ လက်ဝယ်ပိုက်ကာ ဆက်သွယ်နိုင်လာတော့ ဗိုလ်တထောင်မှာ စည် ပင်ကားဖမ်းပြီ ဆိုတာနဲ့ လသာမြို့နယ်က မျှစ်ပြုတ်နေတဲ့ အဒေါ်ကြီး တွေက ရယ်နေကြပြန်ရော။ တချို့ ဈေး သည် တွေက ကင်းထောက်တ ပ်သားတွေ ဘာတွေချထားသလိုပဲ။ စည်ပင် ဘယ်မှာ လှုပ်ရှား နေတယ် ဆိုတာ ကြိုတင်သိနေတယ်ဗျ။ အဲဒီ တော့ စည်ပင်အဖွဲ့ကလည်း ဟန် ဆောင်ဖမ်း နည်းနဲ့ သံပေါင်တန်းကြီးတွေ အပြည့်ကာရံပြီး ရောင်းချနေ တဲ့ သောင်းမြမေရဲ့ ထမင်းဆိုင် ပေ ၂၀ ၊ ပေ ၆၀ ဧရိယာကို ကျော်သွားပြန်ရော။ ဒီလိုပဲ တစ်ရက် တစ်ရက်နဲ့ စည်ပင်အဖွဲ့ဟာ မြို့တ စ်ပတ် ကားအင်ဂျင်စမ်းမှန်းမသိ၊ လမ်းရှင်းမှန်းမသိ။ ရလဒ်ကတော့ ဖမ်းလေရှုပ်လေပါပဲ ။ အဲဒီ တော့ ရန်ကုန်မှာ ပြည်နယ်နဲ့ တိုင်း ၁၄ ခုက လူမွဲမဟာမိတ်ဆွေ ကြိတ်ကြိတ်တိုး စည် ကားနေတယ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မှ ငြင်းခွင့်မရှိပေသကိုး။ နယ်က အလုပ်လက်မဲ့ပြဿနာ က ရန် ကုန်ကို ကြည့်ရင်သိတယ်။

ကျွန်ုပ်တို့ နိုင်ငံရဲ့ ဝန်ထမ်းလောကကြီးကိုလည်း ကြည့်တော်မူဦး

မြို့တော်စည်ပင် တော်တော်များများကလည်း လုပ်ပိုင်ခွင့်ကို ဦးစားပေးရင်း အောက်ခြေမှာ စာရင်းဖျောက်လို့ လျှောက်မွှေကာ အတင်းနှောင်စို့ ဆိုတဲ့ ဆောင်ပုဒ်နဲ့ အချောင်တုတ်တဲ့ လူက များ နေသပေါ့။ ဒါကြောင့်လည်း ခွင့်ပြုချက်မရှိဘဲ ဆောက်တဲ့ တိုက်တွေကို ဖြိုဖျက်မယ်လို့ မြို့တော်ဝန်ကြီး က ရာဇသံပေးတဲ့ အဆင့်ထိ ရောက်လာတာပေါ့။ သဃ်န်းကျွန်းမှာ RC အလုံး ၄၀၀ ကျော် သတဲ့ ဗျာ။

ကဲ ... စာရှုသူတို့ ရေ မဟာရန်ကုန်ကို ပစ်ထားလို့ မဖြစ်တော့ဘူး။ အခုဆိုရင် ဒူးရင်း သီးရာသီမို့ ပလက်ဖောင်းတွေပေါ် လျှောက်ရတာ ဖင်မလုံတော့ဘူးဗျ။ တချို့ဈေးသည် တွေ က ဒူးရင်းသီးတွေကို ပုံထားလိုက်တာဗျာ။ ဟိန္ဒူဘုရားရှိခိုးကျောင်းကြီးလိုပါပဲ။ မတော်တဆ များ အဲဒီ အပုံကြီးပြိုကျရင် လမ်းသွားလမ်းလာတွေ ဒုက္ခ။ မြန်မာသိုင်း နင်ဂျာသိုင်းသင်ပြီးမှ ပလက်ဖောင်းပေါ် လမ်းလျှောက်ခွင့်ပြုရတော့မလိုဖြစ်နေပြီ။ ဒါကြောင့် ရန်ကုန်ကို ပြန်ဝယ် သင့်နေပြီလို့ တွေးဆကာ ရေးရတာ ပါဗျ။

ရန်ကုန်ကို ပြန်ဝယ်ချင်တာ တခြား မဟုတ်ဘူး ။ မြို့သန့်၊ လူသန့်၊ ပလက်ဖောင်း သန့် သန့်၊ မြို့တော်နေ ပြည်သူတွေသန့်၊ မြို့တော်စည်ပင် ဝန်ထမ်းတွေသန့်၊ မြို့တော်ယာဉ် မောင်းတွေသန့်၊ အုပ်ချုပ်ရေးစနစ်သန့်၊ ရေမြောင်းတွေသန့်၊ လမ်းဘေးဈေးသည် တွေသန့်၊ ရန်ကုန် နယ်နိမိတ်ထဲ ဝင်လာတဲ့ လူမှန်သမျှ စိတ်ဓာတ်တွေ သန့်ကုန်အောင်လို့ ဖြစ်တယ်ဗျာ။

ရန်ကုန်ကို ပြန်မဝယ်ဘူး ဆိုရင်တော့ ခွေးလေခွေးလွင့်တွေ၊ လူလေလူလွင့်တွေ၊ စည် ပင်ဝန်ထမ်းလေ၊ ဝန်ထမ်းလွင့်လေ၊ အုပ်ချုပ်ရေးလေလွင့်စနစ်တွေ၊ ဆိုင်ကယ်စီး လူယုတ်မာ ဒုစရိုက်သမားတွေ၊

တန်ဖိုးနည်းအိမ်ရာကို အကြောင်းပြုပြီး မကောင်းမှုနည်းနဲ့ အနုကြမ်း စီးတဲ့ လူရိုင်းတွေ၊ မြန်မာနိုင်ငံသား စိစစ်ရေးကတ်နဲ့ ကကြီးခကွေး မရေးတတ်၊ မဖတ်တတ်တဲ့ သူ ဌေးတွေ၊ လူနာတစ်ယောက်ကို စက္ကန့် ၅၀ လောက် စမ်းသပ်ပြီး ဝန်ဆောင်ခ နှစ်သိန်းယူချင် တဲ့ သမားတော် လူယုတ်မာတွေ၊ အာဏာရှင် အသစ်သင်တန်းဆင်းတွေနဲ့ ကော်ဖီတစ်ငုံ ရှစ်ရာတောင်းပြီး ထမင်းတစ်ခါပြင် သုံးထောင်ယူတဲ့ စူပါမားကတ်တွေ၊ နှစ်မှတ်တိုင်ကိုနာရီဝက် အချိန်ပေးနေရတဲ့ ယာဉ်ကြောပြဿနာတွေ၊ နေ့ခင်းကြောင်တောင် အိမ်ထဲဝင်ခိုးမယ့် ဆယ် ကျော်သက် မိုက်ကန်းကန်းတွေ၊ လူသတ်ဖို့ အရက်သောက်လေ့ကျင့်နေတဲ့ ဂိုဏ်းကြီး၊ ဂိုဏ်း သေးတွေ၊ သက်န်းဆင်မြန်းထားတဲ့ သာသနာပြုစိတ်ဓာတ်အတုတွေ၊ ဓာတုမကင်း၊ ထမင်း ဟင်းတွေ ၊ အိမ်ရာမဲ့တွေကို ကပ်ဘေးဆိုက်ဖို့ ရည်ရွယ်တည်ထောင်ထားတဲ့ မြေအကျိုး ဆောင်တွေ စတဲ့ စတဲ့ ရောင်စုံစီးပွားရေး ဘီလူးတပ်ဖွဲ့ဝင်တွေရဲ့ ဒဏ်ကို ကျွန်ုပ်တို့ မရှုမလှ ခံစားနေရလိမ့်မည်။ ဒါကြောင့် ရန်ကုန်ကို ပြန်ဝယ်ချင်ရတာ ပေါ့ဗျ။

ရန်ကုန်ကို ပြန်ဝယ်လိုက်ရင် လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး အစစအရာ ရာ တိုးတက်ဖွံ့ဖြိုးလာမယ်ဗျာ။ ရန်ကုန်မှာ အခြေချချင်ရင် လူ့ကျင့်ဝတ်နဲ့ ပြည့်စုံမှ လက်ခံ မယ်။ ဥပမာ ဖော့ဘုတ်သုံးရင် ဖင်ခေါင်းမကျယ်ဖို့ ၊ ဖိဖိစီးစီး တာဝန်ယူရမယ်။ ဘယ်လိုအရာရှိပဲ ဖြစ်ဖြစ်၊ အရာမဲ့ဖြစ်ဖြစ် ဝန်ထမ်းမှန်သမျှ လာဘ်မစားရဘူး။ တကယ်လို့ လာဘ်ငွေတစ်ကျပ် ယူရင် ထောင်ဒဏ်တစ်နှစ်နှုန်းနဲ့ အဲဒီ ဝန်ထမ်းကို အကျဉ်းဦးစီးက သိက္ခာထပ်ပေးရမယ်။ ဒါဆို ရင် ကျွန်ုပ်တို့ ရဲ့ မဟာရန်ကုန်က သမ္မတကြီးရဲ့ တတိယလှိုင်းနဲ့ မညီညွတ်ပေဘူးလား။ သမ္မတကြီးရဲ့ လက်ကျန်သက်တမ်းမှာ Third Wave Plan ဆက်ပြီး ကြိုးစားမယ်တဲ့ ။ တကယ် အောင်မြင်ချင်ရင်တော့ ရန်ကုန်ကို အရင်ဆုံးပြန်

ဝယ်လိုက်ပါလို့ အမှန်တွေးမြင်ကာ အကြံ ပေးချင်ပါရဲ့ ။ ဘာကြောင့်လဲ ဆိုရင် ရန်ကုန်ဟာ အောက်ဆီဂျင်ငတ်နေတာကြာပေ့ါဗျာ။ စည် ပင်အရာရှိတွေရဲ့ ဒဏ်ကို အလူးအလဲ ခံနေရတာ ကြာပေ့ါ။ သက်တမ်းရှည်အုပ်ချုပ်ရေးစနစ် ဆိုးကြီးကို ထမ်းပိုးထားရတာ ကြာပေ့ါ။ ကျူးကျော်ဒုက္ခသည် တွေနဲ့ စည်းကမ်းမဲ့ ပလက်ဖောင်း ဈေးသည် တွေကြောင့် မြို့ဂုဏ်ပျက်နေတာကြာပေ့ါ။

ကဲ ... ကျွန်ုပ်တင်ပြခဲ့တဲ့ မဟာရန်ကုန် ဘက်စုံထောင့်စုံ ဂုဏ်ကျက်သရေဖွံ့ဖြိုးရေးကို လက်ခံတော်မူမယ့်သူတိုင်း လူရိုင်းတွေကို မိမိအသိ။ မိမိသတိနဲ့ ထိထိရောက်ရောက် ထိုး ဖောက်တိုက်စစ်ဆင်နိုင်ကြပါစေဗျ ။ သန်းထိုက်လူရေ၊ ဘယ်က ပိုက်ဆံနဲ့ ပြန်ဝယ်မလဲလို့ တော့ မမေးနဲ့ ။ တချို့အခွင့်ထူးခံအရာရှိတွေဟာ အမေရိကန်က ဘီလ်ဂိတ်ထက် အဆီအစိမ့် တက်ချမ်းသာနေပြီလေ။ သူတို့ ကို မူကြိုကလေးတွေနဲ့ အတူ ယဉ်ကျေးလိမ်မာသင်တန်းတက် ခိုင်းပြီး ဘုရာရှိခိုးအမျိုးမျိုး သင်ပေးလိုက်ရင် ရန်ကုန်ကို ဝယ်လို့ ရပြီလေ။

***